# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၆၇)၊ ၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၁-၉-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသောအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်း - အနောက် ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ**

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ**

စာမျက်နှာ » ၇

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ☆



**ပေးအပ်ချီးမြှင့်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မအိကေဇင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



## ရထားပြေးဆွဲမှု ယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထားခရီးစဉ်ကို လာမည့်စနေနေ့မှစ၍ အပတ်စဉ် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်

နေပြည်တော် ဩဂုတ် ၃၁

နောင်ချိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်ချို-ဂုတ်ထိပ် ရထားလမ်းပိုင်း ရေကျော်နစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီး ယခုအခါ လမ်းပိုင်းပြုပြင်ပြီးစီးပြီဖြစ်၍ ရထားပြေးဆွဲမှု ယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထားခရီးစဉ်ကို လာမည့်စနေနေ့မှစ၍ အပတ်စဉ် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၅ သို့ ○

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ အင်္ဂါနေ့။
မန္တလေး

## ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်တွင်းချည်မျှင် အသုံးပြုမှုနှင့် အထည်အလိပ်လုပ်ငန်းများ၏ ဝါဂွမ်းလိုအပ်ချက်ကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးကောင်း ဝါမျိုးများနှင့် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ပြောင်းလဲကျင့်သုံးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် ဒေသထွက်ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ Agro-Base Textile Industries များမှ Export ကဏ္ဍမြင့်တင်ပြီး နိုင်ငံခြားဝင်ငွေတိုးပွားရရှိရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဝမ်းတွင်းမြို့ရှိ Leader of Textile စက်ရုံ၊ မင်းရန်နိုင်ဝါစက်နှင့် နန်းထိုက်တော်ဝင် အထည် ကြိတ်စက်၊ ကိန္နရီအဆင့်မြင့် ချည်ချောလုံချည် စက်ရုံ၊ ဖိုးပြုံးချိုစက်ရုံတို့၌ ရက်ကန်းနှင့် ချည်အချောကိုင်လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုများ၊ ကုန်ကြမ်းရရှိမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြည်တွင်းဖြစ်ကုန်ကြမ်းများအသုံးပြု၍ Made In Myanmar အမှတ်တံဆိပ်ဖြင့် ဂျပန်နိုင်ငံသို့ ဂျူဒို၊ ကရာတေးဒိုအားကစားဝတ်စုံများ ချုပ်လုပ်တင်ပို့နိုင်မှု၊ ခြံစောင်များနှင့်ကော်ဇောများကို အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာဖြင့် ပြည်တွင်းဈေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေမှုတို့ကို ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးက ပြည်သူများအတွက် အဝတ်အထည်နှင့် ချည်ထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဝါစေ့ဆီလုပ်ငန်းမှ စားသုံးဆီလိုအပ်ချက်ကိုပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်ပမှ ချည်များတင်သွင်းနေရမှုကို လျှော့ချနိုင်ရေး၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကာ ထုတ်ကုန်အမည်သစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့ရှိ အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း)၌ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တာဝန်ရှိသူများက MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လုပ်ငန်းရှင်များက အခက်အခဲများ၊ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်က ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းအငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောချည်ကုန်ကြမ်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး၊ ဝါကုန်ကြမ်းကောင်းရရှိရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ဝါစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
မန္တလေးမြို့
ကြေညာချက်အမှတ်(၃/၂၀၂၆)
၁၃၈၈ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၄၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်) (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**အောင်ကျော်မိုး**
**ဥက္ကဋ္ဌ**

---

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ကန့်ဘလူ ဩဂုတ် ၃၁**

ကန့်ဘလူမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့်နံရံကပ် စာစောင်၊စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဟောပြောပွဲတွင် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် နံရံကပ်စာစောင်များကို ကျောင်းသား၊ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

## ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်)၌ ကလေးငယ်များအာဟာရပြည့်ဝစေရေး ငှက်ပျောပင်စိုက်ပျိုးပေးစီမံချက်ဖြင့် ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းတွင် ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွန့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ငှက်ပျောပင်များကို သစ်ပင်စိုက်ပျိုးမည့်သူများထံသို့ ပေးအပ်ပြီး ငှက်ပျောပင် ၆၈၀ ကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

---

## နားမကြားသောကလေးများကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

ကျောင်းအခြေပြုကျန်းမာရေး အသိပညာများတိုးပွားစေရန် ရည်ရွယ်၍ ချမ်းမြသာစည်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ပင်မစာသင်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမဒေါ်ဇာနည်ထွန်းက ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း၊ သန့်လေးသန့်နှင့် ရောဂါဖြစ်ပွားပါက အနီးစပ်ဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ကုသရန် အသိပညာပေးဟောပြောခြင်းကို နားမကြားသောကလေးများကျောင်းမှ ဆရာမ ဒေါ်စုမွန်အောင်က လက်သင်္ကေတပြဘာသာစကားဖြင့် ပြန်လည်ရှင်းပြဟောပြောသည်။ ထို့နောက် ကျောင်းသား၊ကျောင်းသူများက ကျန်းမာရေးအကြောင်း သိရှိလိုသည်များမေးမြန်းရာ ဆရာမများက ပြန်လည်ရှင်းပြဆွေးနွေးပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်စိုးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဇာနည်ထွန်းနှင့် သားဖွားဆရာမများနှင့် ကျောင်းသား၊ကျောင်း သူ ၁၄၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၆၉)**

---

## ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများအပေါ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွက် တင်ပြထားသည့် စီမံကိန်းလုပ်ငန်းများအပေါ် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်သည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွက် စီမံကိန်းလုပ်ငန်းများ လျာထားရေးဆွဲတင်ပြရာတွင် စီမံကိန်းလုပ်ငန်းများသည် အစိုးရ၏ မူဝါဒနှင့်ကိုက်ညီပြီး ဒေသအတွက်လည်း အမှန်တကယ်အကျိုးရှိပြီး အကျိုးပြုမည့် လုပ်ငန်းများဖြစ်စေလိုကြောင်း၊ လျာထားရေးဆွဲထားသည့် လုပ်ငန်းများအနက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်တင်ပြကြစေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် စီမံကိန်းလုပ်ငန်းများအား အသီးသီးတင်ပြဆွေးနွေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟိန်းမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေဝတီ(ပြန်/ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ကျောင်းသားမိဘများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသူ လူငယ်မောင်မယ်လေးများက "ပညာဂုဏ်ရည် မြင့်မား နိုင်ငံ့ကြယ်ပွင့်များ" တေးသီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ် လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျကြောင်း၊ အတွေးအခေါ်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် အမြဲတေရတနာများပင်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့် အရင်းအမြစ်များလည်း ဖြစ်ကြကြောင်း။

ယခု ဆုနှင်းသဘင်ခန်းမအတွင်း၌ ရောက်ရှိနေကြသည့် ဆုရကျောင်းသား ကျောင်းသူများသည် အခြေခံပညာနှင့် အသိဉာဏ် ပြည့်စုံကြွယ်ဝကြသူများ၊ ရည်မှန်းချက် မြင့်မားကြသူများဖြစ်ကြပြီး ဖွဲလုံ့လဝီရိယနှင့် တစိုက်မတ်မတ် ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် အဆင်မြင့်ပညာကို အပတ်တကုတ်သင်ယူပြီး ဘဝအောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်အောင် ဆက်လက်ကြိုးစား သွားကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း။

ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အခြေခံပညာကျောင်းများမှကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ ယခုနှစ်၏ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ယခုနှစ်တွင် စတင်ကျင်းပသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးရရှိသူ ၆၇၄ ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၃၂ ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မသင်းပျံ့ပြည့်စုံခင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မောင်ဘုန်းတေဇသွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မဆောင်းနှင်းဖြူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခင်ငြိမ်းစုအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူးရရှိသူသုံးဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၅၀ ပေါ်ထွက်ခဲ့ကြောင်း။

ယနေ့ အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲများတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀၇ဦးအား ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆု ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသားကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သဖြင့် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင် ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ် ကောင်းမွန်မှု၊ ဆန်းသစ်တီထွင် နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထား ထိန်းသိမ်းတတ်မှု စသည့် အရည်အချင်းများသည် အဓိကကျပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏ စွမ်းပကားနှင့် ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှုကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုဆိုပါက ၉၂ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယင်းကျောင်းများမှ သင်ယူပြီးမြောက်သည့် ကျောင်းသား ကျောင်းသူများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုပညာသင်နှစ်မှစပြီး အခြေခံပညာ အလယ်တန်းဆင့်၌ပါ သက်မွေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးနေပြီ ဖြစ်ကြောင်း။

ထူးချွန် ကျောင်းသား ကျောင်းသူများကို အလေးအနက်ထား မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင် သဘာဝ ပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိ အခြေအနေများကို သေသေချာချာသိရှိအောင်လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့် စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှု မှန်သမျှတွင် သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန်မှာကြားလိုကြောင်း။

ထိုကဲ့သို့အခြေခံသဘောတရားများကို သိရှိနားလည်ရန်၊ စဉ်းစားဆင်ခြင် သုံးသပ်နိုင်ရန်အတွက် အဓိကအနေဖြင့် အသိပညာ ဗဟုသုတပြည့်စုံရန်လိုကြောင်း၊ အသိပညာမရှိပါက မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းမဲ့ပြီး လွဲမှားသည့် အယူအဆများနှင့် မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါ အကျိုးယုတ်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပညာ ပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူကြရန်နှင့် သုတ၊ ရသ စာပေအမျိုးမျိုးကို လေ့လာဖတ်ရှုကြရန်၊ စိတ်ထဲတွင် စွဲမြဲအောင်မှတ်သားပြီး ဘဝအတွက် ကျင့်သုံး လိုက်နာသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒီဂျစ်တယ်စီးပွားရေးနှင့် AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ် သိရှိပြီး သိပ္ပံနှင့်နည်းပညာအခြေပြု စွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိအသုံးချရန် လိုအပ်ကြောင်း၊ အကျိုးမရှိသည့် တလွဲအသုံးပြုမှုများနှင့် အမှားမလုပ်မိကြရေးကိုလည်း သတိပေးမှာကြားလိုကြောင်း။

နိုင်ငံတိုးတက်ရေး လူတိုင်းအလုပ်လုပ်ကြရန် အရေးကြီးပြီး မိမိတို့ အသက်အရွယ်အလိုက် ကျွမ်းကျင်ရာလိမ္မာရာ သင့်လျော်သည့် လုပ်ငန်းဆောင်တာများကို သမ္မာအာဇီဝရှိရှိ၊ အတ္တနှင့်ပရမှျမျှတတ ဆောင်ရွက်ကြရန် လိုကြောင်း၊ အချိန်ကို အချည်းနှီးမဖြစ်စေရေး အကျိုးရှိရှိအသုံးချကြရမည်ဖြစ်ပြီး ပျင်းရိနေပါက အရာရာ နောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုယ်မိမိ ယုံကြည်ပြီး တိုးတက်အောင် လုပ်ကြရန်နှင့် ရည်မှန်းချက်မြင့်မြင့်ထားပြီး စဉ်ဆက်မပြတ် အားထုတ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကျောင်းသားလူငယ်များ အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိရန် လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားမှုနှင့်အတူ ဝါသနာပါရာ အားကစားတစ်မျိုးမျိုးကို လေ့လာ လိုက်စားသင့်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ကိုယ်ရည်ကိုယ်သွေး မြင့်မားသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ပျိုးထောင်ခြင်းသည် နိုင်ငံတော်ကို အကျိုးပြုရာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ဘဝအတွက် အားနည်း၍ မရနိုင်သည့် အခြေခံလိုအပ်ချက်များဖြစ်သည်ကို အားလုံးက သတိရှိကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် လူငယ်များ၏အခန်းကဏ္ဍကို ထိထိရောက်ရောက်အာရုံစိုက်ပြီး အဘက်ဘက်မှ ဖြည့်ဆည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခု မိမိတို့ အစိုးရသစ်ကာလတွင် လူငယ်ရေးရာ ဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး လူငယ်ရေးရာမူဝါဒများချမှတ်ကာ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ တိုင်းတစ်ပါးနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်းသည် နိုင်ငံတော်အတွက် အလွန်နစ်နာပြီး နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးရကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့နိုင်ငံက သင်ပေးလိုက်သည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို အပြည့်အဝအကျိုးပြုပြီး ပြန်လည်ကျေးဇူးဆပ်နိုင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘဝရှင်သန် ရပ်တည်ရေးအတွက် အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်လိမ္မာရန်လိုသကဲ့သို့ ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြရန်လည်း သင်ယူကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့် ပြည့်စုံရမည့် ဦးတည်ချက်များကို ချမှတ်သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားမြတ်နိုးပြီး အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လည်း လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ အဘက်ဘက်မှ ထူးချွန်ပြည့်စုံသည့် နိုင်ငံတော်က အားကိုးထိုက်သည့် လူတော်လူကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံသား တစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ တန်ဖိုးရှိစွာ နေထိုင်တတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်လူရည်မွန်များ ဖြစ်အောင် ဆက်လက်ကြိုးစားကြရန်၊ နိုင်ငံနှင့်လူမျိုးအကျိုးကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် သစ္စာရှိရှိ အားမာန်အပြည့်ဖြင့် သယ်ပိုးထမ်းရွက်ကြရန်၊ နိုင်ငံ့အနာဂတ်ကို ပညာဖြင့် ထုဆစ်ပုံဖော်နိုင်သည့် ရှေ့ဆောင်လမ်းပြကောင်းများဖြစ်စေရေး ဘဝတွင်အောင်မြင်မှုများရအောင် ကြိုးပမ်းကြရန်၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင်လည်း ကျရာကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ စာမျက်နှာ ၅ သို့ ☆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

✧ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့်အရည်အချင်းများသည် အဓိကကျပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီးစွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏စွမ်းပကားနှင့် ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော မသီရိစိုး၊ မအေးချမ်းမြေ့၊ မောင်စည်သူဗိုလ်၊ မသက်နှင်းစံ၊ မောင်ဉာဏ်ဟိန်းဇေ၊ မမေဇင်ဖုန်းမြတ်၊ မအိကေဇင်၊ မသင်းပျံ့ပြည့်စုံခင်၊ မောင်ဘုန်းတေဇသွေး၊ မဆောင်းနှင်းဖြူနှင့် မခင်ငြိမ်းစုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးနှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့်ကျောင်းသား ကျောင်းသူ ၁၀ ဦးအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ပုသိမ်)မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်အစိုးရ အနေဖြင့် ကျောင်းသား လူငယ်များကို အရည်အသွေးမြင့် ပညာတတ်လူသားကောင်းများ ဖြစ်စေရန် အတွက် အဘက်ဘက်မှ စေတနာထား ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် လက်တွေ့ခံစားခဲ့ရပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအနေဖြင့် ရရှိခဲ့သည့်အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း အားထုတ်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများကို ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည့်အတွက်နိုင်ငံတော်သမ္မတကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် အထောက်အပံ့ ကောင်းများကြောင့်ဖြစ်သည်ကို လေးစားစွာ တင်ပြလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ကျေးဇူးတရားကို လေးလေးနက်နက်ခံယူပြီး နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် နေထိုင်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း၊ မိမိတို့ လေ့လာသင်ယူခဲ့သည့် ပညာရပ်ဗဟုသုတများနှင့် အများအကျိုး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

သယ်ပိုးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ပညာတတ်လူလိမ္မာများ ဖြစ်အောင် ကျင့်ကြံနေထိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ချစ်မြတ်နိုးပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားမည်ဟု ထူးချွန်ကျောင်းသား ကျောင်းသူများကိုယ်စား ကတိပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက "ထူးချွန်သူတို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ထူးချွန်ကျောင်းသား ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ပုသိမ်) မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကား ပြောကြားစဉ်။



အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသူ လူငယ်မောင်မယ်လေးများက "ပညာဂုဏ်ရည်မြင့်မား နိုင်ငံ့ကြယ်ပွင့်များ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြစဉ်။

○ ရထားမှ

ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ RBE ရထားဖြင့် လိုက်ပါစီးနင်းပြီး ပြင်ဦးလွင်-ဂုတ်ထိပ် ရထားလမ်းပိုင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရထားလမ်းဘေးဝဲ/ယာ တောချုံခုတ်ရန်၊ မြက်ပင်ပေါင်းပင်များ ရှင်းလင်းရန်၊ တောင်ကြားဖြတ်သန်းသည့် နေရာများတွင် သံလမ်းဘေးဝဲ/ယာ၌ ရေများမဝပ်စေရန် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများပြုလုပ်ရန်၊ တောင်မြေပြိုပြီး သံလမ်းအား မြေကြီးများ မဖုံးစေရေးဆောင်ရွက်ထားရန်နှင့် နောင်ချိုနှင့် ဂုတ်ထိပ်ဘူတာအကြား တံတားအမှတ်(၂၃၂) အနီးတွင် တောင်ကျရေများကြောင့် သံလမ်းပေါ်ရေကျော်ခဲ့ခြင်းများ မဖြစ်စေရန် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျောက်စီရေမြောင်းဖြင့် စနစ်တကျဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့ပြင် ဂုတ်ထိပ်ဘူတာသို့ရောက်ရှိပြီး ဘူတာသန့်ရှင်းသာယာရေးနှင့် ဝန်ထမ်းလိုင်းခန်းများ ကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်ပေးရန်၊ တံတား၏ ပြင်ဦးလွင်ဘက်အခြမ်း တံတားအဝင်ညာဘက်ခြမ်း မြေသားထပ်မံဖို့ရန်၊ သမိုင်းဝင်ဂုတ်ထိပ်တံတားပေါ်သို့ RBE ရထားဖြင့် လိုက်ပါစီးနင်းကာ တံတားကြံ့ခိုင်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးတို့အတွက် ဆေးသုတ်ပြုပြင်ထားရှိမှု၊ တံတားတိုင်အောင်ခြေပတ်လည်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းသွားရန်၊ တံတားကြမ်းခင်းပေါ်တွင် ရေတင်နေသဖြင့် ရေထွက်ပေါက်ပြုလုပ်ရန်၊ တံတားဇလီဖားဆွေးများ လဲလှယ်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် Master Chef ပြိုင်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် Master Chef ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကွင်းပြင်၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းက ကျောင်းသား၊ ကျောင်းသူလူငယ်များ အာဟာရပြည့်ဝသော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန်၊ အခြေခံအစား အစာအုပ်စု(၃) စုအကြောင်းကို သိရှိနားလည်စေရန်နှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို ပိုမိုစိတ်ပါဝင်စားလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Master Chef ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သန့်ရှင်းလတ်ဆတ်ပြီး အာဟာရဓာတ်စုံလင်သည့် ဒေသထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်များနှင့် အသား၊ ငါး၊ ဥများကို အသုံးပြု၍ သတ်မှတ်ချိန်အတွင်း စနစ်တကျ ချက်ပြုတ်ပြင်ဆင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ Grade-7၊ ဒုတိယဆုရ Grade-8၊ တတိယဆုရ Grade-6 တို့ကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြကြောင်း သိရသည်။

**သဲသဲ(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်၊ ကွမ်း၊ ဆေးဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်ကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောခဲ့သည်။ အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၇ဝ)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော် အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ခိုင်မြဲသည့် ဆက်ဆံရေးရှိ**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ တရားဝင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်မှာ (၇၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ တိုးတက် ခိုင်မြဲသည့် ဆက်ဆံရေးရှိပါကြောင်း၊ အဆွေတော် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နှစ်နိုင်ငံပြည်သူချင်း အကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများအရ နက်ရှိုင်းသည့် ဆက်ဆံမှုများရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံဖြတ်ကျော် မှုခင်းများ၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု လုပ်ငန်းများတွင် ထဲထဲဝင်ဝင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆွေတော်တို့နိုင်ငံကဲ့သို့ပင် လွှတ်တော်နှစ်ရပ် ဖြစ်သည့် Bicameral System ဖြစ်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ရှိပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်နှစ်ရပ် အကြား လွှတ်တော်အချင်းချင်း၊ ကော်မတီအချင်းချင်း၊ လူငယ်နှင့် အမျိုးသမီးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံပါလီမန်များညီလာခံ (AIPA)နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ပါကြောင်းနှင့် (AIPA) တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ထဲထဲဝင်ဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့လွှတ်တော်အနေဖြင့် ထိုင်းကုမ္ပဏီများ အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ ရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံမိသားစုဖြစ်သည့်အတွက် အချင်းချင်းနားလည်မှုများ၊ ယုံကြည်မှုများဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ (၇၈)နှစ် ပြည့်မြောက်ပြီးဖြစ်၍ မိမိတာဝန်ထမ်းဆောင်စဉ်ကာလတွင် နှစ်(၈၀)ပြည့် အခမ်းအနားကို ပြုလုပ်ရမည် ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထိုင်းနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌကလည်း အဆွေတော်ထံ နှုတ်ခွန်းဆက်သကြောင်းကို အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အခါအခွင့်သင့်သည့်အချိန်တွင် အဆွေတော်အား ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးနောက် အစိုးရနှင့်လွှတ်တော်များပေါ်ပေါက်လာခဲ့ပါကြောင်း၊ အဆွေတော် အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လူငယ်နှင့် အမျိုးသမီး ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအရေးနှင့် စပ်လျဉ်း၍ ကူညီစောင့်ရှောက်မှုပေးသွားမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များညီလာခံ(AIPA)နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်၍ ပေါင်းစပ် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်သူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်နှင့်အတူ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့်အတူ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ ချုပ်ဆိုထားရှိမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် ဦးစားပေးမြှင့်တင်မည့်ကဏ္ဍများနှင့် နယ်ပယ်များ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုနိုင်မှုများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားရှိမှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွယ်ကူချောမွေ့စေရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သတင်းစဉ်



# ရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**မြစ်သား ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကို ဩဂုတ် ၂၆ ရက် ညနေ ၄နာရီက မဟာပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်းဝန်းအတွင်း၌ ကျင်းပခဲ့သည်။

သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဆေးအိတ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမိုးဝင်း၊ မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ အသင်းဥက္ကဋ္ဌ ဦးတင့်လွင်ဦးနှင့်တာဝန်ရှိသူများ၊ မဟာပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်၊ ကျောင်းတည်ထောင်သူ ဆရာမကြီး ဒေါ်မို့မို့မြင့်အေးနှင့်ဆရာ၊ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ကြေညာချက်အမှတ် (၄ /၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်) အင်္ဂါနေ့၊ ၁၀၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
နာယက

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် ( ၃ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ခင်ရီ
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် ( ၂ /၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**တတိယအကြိမ် အမျိုးသားလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော် ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့ လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါ အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိ သည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင်အမှတ် - ၁ (I - 1) သို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (သောကြာနေ့) ထက်မစော စက်တင်ဘာလ ၁၉ ရက် (စနေနေ့)ထက်နောက်မကျ စေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြ ရန် ဖြစ်ပါသည်။

သတင်းစဉ်

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေ ဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိ သည်ဖြစ်စေ နေပြည်တော် အမျိုးသားလွှတ်တော်ရုံး ရေးရာဆောင်အမှတ်- ၁၉ (I -19)သို့ **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (စနေနေ့) ထက်မစော စက်တင်ဘာလ ၂၀ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန် နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ပါသည်။

သတင်းစဉ်

## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေချိန်တွင် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြု မောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက် ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိ ပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံ သော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄ -၂၀၂၆ ရက်နေ့မှ ၃၁- ၈-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံ ပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀- ၉-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ ဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြု သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါ သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ် များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှု အပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁- ၄-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြု သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါ သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်ခိုင်မာစေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

သတင်းစဉ်

## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသည့် အကြိမ်(၂၀)မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲနှင့် ဆက်စပ်အစီအစဉ်များသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီတို့၏ ဦးဆောင်မှုဖြင့် အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲနှင့် ဆက်စပ်အစည်းအဝေးများကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



ခရီးစဉ်အတွင်း အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲအထိမ်းအမှတ် ကြိုဆိုညစာစားပွဲနှင့် Vietnam Night ကို "The Beat of ITE HCMC" ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၆ ရက်တွင် GEM Center ၌ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဟိုချီမင်းမြို့တော်ပါတီကော်မတီ၊ ဟိုချီမင်းပြည်သူ့ကော်မတီ၊ ဟိုချီမင်းမြို့တော်နှင့် ပြည်နယ်ကော်မတီများမှ တာဝန်ရှိသူများ၊ CLMV နှင့် ACMECS နိုင်ငံများ၏ ခရီးသွားလာရေး ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) မှ တာဝန်ရှိသူများ၊ နိုင်ငံတကာမြို့များမှ မြို့တော်ဝန်နှင့် အုပ်ချုပ်သူများ၊ ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများ၊ ပြပွဲသို့ တက်ရောက်လာသည့်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် Buyer ၊ Seller များ၊ Media များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်တွင် SECC – Exhibition Hall ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခရီးသွားပြပွဲအတွင်း မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းနှင့် အခြားနိုင်ငံများမှ နိုင်ငံအလိုက်ဖွင့်လှစ်ထားသည့် ခရီးသွားပြခန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများမှ ဖွင့်လှစ်ထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ MICE အဆင့်မြင့်ခရီးသွားလုပ်ငန်း ဖိုရမ်ကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပြီး အဆိုပါဖိုရမ်တွင် ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဟိုချီမင်းပြည်သူ့ကော်မတီ၏ ဒုတိယအမြဲတမ်းဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ MICE ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို Keynote Speaker များက ဆွေးနွေးတင်ပြခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၇)ကြိမ်မြောက် ACMECS ခရီးသွားဝန်ကြီးများ အစည်းအဝေးကို REX Hotel ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ခရီးသွားဝန်ကြီးများ အဆင့်အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲ အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ မှ ခရီးစဉ်ဝယ်ယူသူများ၊ ရောင်းချသူများနှင့် ပြခန်းပါဝင်ပြသသူများ တက်ရောက်ခဲ့ပြီး (၇)ကြိမ်မြောက် ACMECS ခရီးသွားဝန်ကြီးများ အစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ခရီးသွားဝန်ကြီးများ အစည်းအဝေးသို့ သက်ဆိုင်ရာနိုင်ငံများမှ ခရီးသွားဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရန်ဟန်း သံဃာတော်များ၊ အနုပညာရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## မိုးစပါးကို အစေ့ချစနစ်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိ

ဖောင်းပြင် ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်တွင် မိုးရာသီစိုက်ပျိုးသီးနှံအဖြစ် စပါးကို အဓိက စိုက်ပျိုးကြပြီး စိုက်ပျိုးစရိတ်မြင့်မားလာသည့်အတွက် တောင်သူအများစုမှာ တိုက်ရိုက်အစေ့ချစနစ်ဖြင့် အများဆုံး စိုက်ပျိုးလာကြကြောင်း တောင်သူများထံမှ သိရသည်။

ယခင်က မိုးစပါးကို ပျိုးထောင်၍ စိုက်ပျိုးလေ့ရှိကြသော်လည်း ယခုအခါ ကုန်ကျစရိတ်သက်သာသည့် အစေ့ချစနစ်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရာတွင် တောင်သူအများစုသည် မျိုးစေ့ချကိရိယာဖြင့်လည်းကောင်း၊ ကြဲပက်သည့်နည်းစနစ်ဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး မြေနိမ့်ပိုင်းရှိ စိုက်ကွက်များနှင့် စိုက်ပျိုးစရိတ်ပိုမိုထည့်သွင်းနိုင်သည့် တောင်သူများသည် ပျိုးထောင်၍ စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# မြန်မာနိုင်ငံတွင် ပထမဆုံးငလျင်ဒဏ်လျှော့ချသည့်နည်းပညာ(Base Isolation System)အသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများ တပ်ဆင်ထည့်သွင်းတည်ဆောက်မည့် အဆောက်အဦ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၃၁**

မြန်မာနိုင်ငံတွင် ပထမဆုံးငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System) အသုံးပြု၍ အဆောက်အဦအောက်ခြေတွင် Base Isolator များ တပ်ဆင်ထည့်သွင်း တည်ဆောက်သွားမည့် အဆောက်အဦပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးစီမံကိန်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ New Starlight Construction Co.,Ltd. မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ ငလျင်ကော်မတီ၊ အာရှနှင့် ပစိဖိတ်ဒေသအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာများအသင်းတို့မှ တာဝန်ရှိသူများ၊ New Starlight Construction Co.,Ltd. မှ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး New Starlight Construction Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက တည်ဆောက်မည့် အဆောက်အဦ၌ အဆောက်အဦနှင့် မြေပြင်ကြားတွင် တပ်ဆင်ထည့်သွင်းသွားမည့် Base Isolator များကို လိုက်လံရှင်းလင်းပြသခဲ့သည်။

၎င်းနောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပန္နက်တင်မင်္ဂလာကျင်းပသည့် သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မင်္ဂလာအချိန်တွင်ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းပြီး အမွှေးနံ့သာများပက်ဖျန်းပေးကြပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် အင်အားပြင်းငလျင်ကြီးလှုပ်ခတ်မှုကြောင့် အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီးနောက် အဆောက်အဦများပျက်စီးမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းမှပညာရှင်များက တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က စီချွမ်ငလျင်လှုပ်ခတ်ခဲ့သည့် နေရာများ၊ Safetyinside Company ၏ Base Isolator ထုတ်လုပ်သည့် စက်ရုံနေရာများသို့ သွားရောက်လေ့လာပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံနှင့် မြေပြင်ကြားတွင် Base Isolator များကို တပ်ဆင်ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပေါ်ကို သက်ရောက်လာနိုင်သည့် ငလျင်အင်အားနှင့်လှုပ်ရှားမှုများကို လျှော့ချပေးသည့် ခေတ်မီနည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့် ၇၇ပေ× ၈၃ ပေ မြေဧရိယာ၌ တစ်ထပ်လျှင် ၁၁ ပေ အမြင့်ရှိ Basement အပါ ၅ ထပ် သံကူကွန်ကရစ်အဆောက်အအုံတွင် ငလျင်ဒဏ် လျှော့ချသည့် နည်းပညာ(Base Isolation System)ကို အသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများကို တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# ပြင်ဦးလွင်မြို့ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)တွင် Innovative Projects Exhibition 2026 ပြိုင်ပွဲကျင်းပ




**ပြင်ဦးလွင် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ UNIVERSITY Of TECHNOLOGY၊ ( Yatanarpon Cyber City) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)ခန်းမဆောင်တွင် နည်းပညာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ နည်းပညာ Innovative Projects Exhibition 2026 (ဆန်းသစ်တီထွင်မှု စီမံကိန်းများပြပွဲ-၂၀၂၆)ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

အဆိုပါပြပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ သိပ္ပံနှင့်နည်းပညာသုတေသနဌာန ဌာနချုပ်မှူး ဗိုလ်ချုပ် ဇော်မင်းဦး၊ နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာတင်မြင့်နိုင်၊ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်တို့ပါဝင်သော ခရိုင်မြို့နယ်မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူ ၇၀၀ ဦးတို့ခန့် တက်ရောက်ခဲ့သည်။

နည်းပညာ Innovative Projects Exhibition 2026(ဆန်းသစ်တီထွင်မှု စီမံကိန်းများပြပွဲ-၂၀၂၆) ပြပွဲသို့ တက်ရောက်လာကြသော တာဝန်ရှိသူများသည် မေဂျာအလိုက် ဆောင်ရွက်ထားရှိသည့် Project များအား လိုက်လံကြည့်ရှုခဲ့ကြရာ မေဂျာအလိုက်ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏ Project နှင့်ပတ်သက်၍ မိတ်ဆက်ဆွေးနွေးရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ (၀၇၀)

# ပွင့်ဖြူမြို့နယ်တွင် ဘုရားပန်းစိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်းပြီး ဝင်ငွေတိုးပွား

**ပွင့်ဖြူ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက သီးနှံအပိုဝင်ငွေရရှိစေရန် မြေအောက်ရေနှင့် မုန်းချောင်းရေတို့ဖြင့် တစ်ပိုင်တစ်နိုင် ဘုရားပန်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းပြီး ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီဒေသတွင်း တစ်ပိုင်တစ်နိုင် ဘုရားပန်းစိုက်ပျိုးရောင်းချသူတွေ အောင်မြင်ဖြစ်ထွန်းပြီး အဆင်ပြေကြတယ်။ ဘုရားပန်းစိုက်ပျိုးရာတွင် တောင်သူအများစုက မုန်းချောင်းရေနဲ့ မြေအောက်ရေတို့ကို အသုံးပြုပြီး နေအိမ်ခြံဝင်း မြေကွက်လပ်များနဲ့ ဥယျာဉ်ခြံမြေများတွင် သစ္စာပန်း၊ အာဆီယံသပြေ၊ နှင်းဆီ၊ ကံ့ကော်၊ ရွက်လှပန်းမျိုးစုံကို စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေ အဆင်ပြေတာကြောင့် ဘုရားပန်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ် ဘုရားပန်းရောင်းချခြင်း ဖြင့် ဝင်ငွေရရှိနေကြတယ်။ ဒါ့ကြောင့် ဘုရားပန်းစိုက်ပျိုးရေး လုပ်ငန်းဟာ စနစ်တကျစိုက်ပျိုး လုပ်ကိုင်ပါက မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိလို့ အားထားစိုက်ပျိုးသင့်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေးအတွက် နှစ်စဉ် မုန်းချောင်းရေနှင့် မြေအောက်ရေကို အသုံးချပြီး သစ္စာပန်း၊ အာဆီယံသပြေ၊ နှင်းဆီ၊ ကံ့ကော်၊ ဂန္ဓမာပန်း၊ ရွက်လှပန်းမျိုးစုံတို့ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြသလို အချို့တောင်သူများက စားဖိုဆောင်သီးနှံမျိုးစုံကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးမြေနှင့် ရာသီဥတုမျှတကောင်းမွန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၄၅)

# ဥပဒေအသိပညာပြန့်ပွားရေး ၁/၂၀၂၆ ဆင့်ပွားသင်တန်း ဖွင့်လှစ်



**မန္တလေး ဩဂုတ် ၃၁**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၌ ဥပဒေရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ၁/၂၀၂၆ ဆင့်ပွားသင်တန်းကို ယနေ့မွန်းလွဲပိုင်းက ဖွင့်လှစ်သည်။

ဦးစွာ သံလျက်မော်အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထွန်းရှိန်က ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားစသည် ဥပဒေအကြောင်းအရာများကို ပို့ချခဲ့ပြီးနောက် မဟာအောင်မြေမြို့နယ် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကိုက အများပြည်သူများ သိရှိလိုက်နာသင့်သည့် ဥပဒေအကြောင်းအရာများကို သင်တန်းသား၊ သင်တန်းသူများအား ဆက်လက်ရှင်းပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးက ဥပဒေနှင့် ပတ်သက်သည့် သိလိုမှုများ မေးမြန်းခဲ့ရာ ဥပဒေအရာရှိက ပြန်လည်ဖြေကြားခဲ့ပြီးနောက် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကိုက ဥပဒေစာအုပ်များကို လှူဒါန်းခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဇော်မင်း**

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာမှ အပြစ်မဲ့အရပ်သားပြည်သူ ၁၂ ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၃၁**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ အေးချမ်းစွာ နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ အပြင် မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက် ရှိသော ကျောင်းသား ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက် ပစ်ခတ်သတ်ဖြတ်ခြင်းများကို နည်းမျိုးစုံဖြင့် ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။




မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၂ ဦး သေဆုံးခဲ့ရမှု တည်နေရာပြမြေပုံ။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာ၌ အပြစ်မဲ့ အရပ်သားပြည်သူ ၁၂ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာ၏ အနောက်မြောက်ဘက်မှ လက်နက်ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ၂၅ ဦးခန့်သည် ယာဉ်သုံးစီး၊ ဆိုင်ကယ်များဖြင့် ကျေးရွာအတွင်းသို့ ဝင်ရောက်လာကာ ကျေးရွာအတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သား ပြည်သူများဖြစ်ကြသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးလင်းထိုက် (၄၄)နှစ်၊ ဦးမောင်သိန်း (၄၃)နှစ်၊ ဦးချစ်စမ်းမောင် (၄၄)နှစ်၊ ဦးဗိုလ်သက်လင်း (၄၀)နှစ်၊ ဦးသန်းဋ္ဌေးအောင် (၃၉)နှစ်၊ ဦးဝေယံစိုး (၃၂)နှစ်၊ ဦးဇော်ခက် (၄၅)နှစ်၊ ဦးဟိန်းဝဏ္ဏဇော် (၂၂)နှစ်၊ ဦးဝင်းနိုင် (၄၄)နှစ်၊ ဦးအုန်းမောင် (၆၃)နှစ်၊ ဒေါ်ခင်မူ (၄၄)နှစ်နှင့် ဒေါ်လှဲ့လှဲ့ဝင်း (၄၄)နှစ် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၂ ဦးတို့အား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ ယုတ်မာရိုင်းစိုင်းစွာ လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ဝိုင်းဝန်းပစ်ခတ် သတ်ဖြတ်ခဲ့ကြပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့သည့် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူ ၁၂ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ရပြီး အဆိုပါသေဆုံးသူများ၏ ရုပ်အလောင်းများကို မလှိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် အပြစ်မဲ့အရပ်သားပြည်သူများအား လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး PDF အကြမ်းဖက်သောင်းကျန်းသူများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့အကြမ်းဖက်လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကအကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၂၄ မှ

များအဖြစ် ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး)လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ် ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များ အပြီးတွင် တတိယလုပွဲ ပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး)လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| လက်ချီ | ၀ | - | ၄ | ရိုးမား |



# ဝိုင်းမော်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၂၇ ရက် ည ၇ နာရီခွဲက ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအနီးတွင် ဥန်းဆန့် ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ အလေးချိန် ၅ ဒသမ ၈၅ ကီလို၊ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥန်းဆန့်(၃၅)နှစ် ဆိုသူအား ဝိုင်းမော်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# ဖဲရိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**အင်းတကော် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၌ ဖဲရိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ အမှတ်(၄)ရပ်ကွက်နေ ဒေါ်ခိုင်နွေဦး(ခ)ခိုင်နွေ(၄၄)နှစ် ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ရပ်ကွက်နေသူများဖြစ်သည့် ဒေါ်ခိုင်နွေဦး(ခ)ခိုင်နွေ၊ ဒေါ်နဒီအေး(ခ)တုတ်တုတ်(၃၄)နှစ်နှင့် ဦးသန်းဝင်းကျော်(ခ)အနဲလေး(၄၅)နှစ်၊ ပုဂံဘိုကျေးရွာနေ မအေးသန္တာ(၃၆)နှစ် သာယာကုန်းကျေးရွာနေသူများဖြစ်သည့် ဒေါ်ဇင်မာချို(၃၂)နှစ်၊ ဦးဝေမင်း(၄၄)နှစ်၊ ဦးထွန်းထွန်းဝင်း(ခ)ခါလေး(၄၆)နှစ်နှင့် ဒေါ်အိဖြူလွင်(၃၀)နှစ် အမှတ်(၅)ရပ်ကွက်နေသူများ ဖြစ်သည့် ဦးဇော်မျိုးထက်(ခ)ပူးပူး(၄၂)နှစ်၊ ဦးသိန်းဦး(၅၈)နှစ်၊ အမှတ်(၃)ရပ်ကွက်နေ ဦးထွန်းထွန်းနိုင်(ခ)ပေသီး(၄၈)နှစ်နှင့် ဦးလွင်ကိုကိုနိုင်(ခ)ကိုနိုင်(၄၅)နှစ် ဆိုသူတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းမျိုးစုံရှစ်လုံး၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခိုင်နွေဦး(ခ)ခိုင်နွေ (ပါ-၁၂)ဦး ဆိုသူအား အင်းတကော်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀

၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## ဒိုမီနစ်ကော့ရ် ခြေထောက်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

မြူးနစ် ဩဂုတ် ၃၁

မိန့်ဇ်အသင်း ကွင်းလယ်ကစားသမား ဒိုမီနစ်ကော့ရ် ခြေထောက်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် မိန့်ဇ်အသင်းနှင့် ပါဒါဘွန်းအသင်းတို့ ဂိုးမရှိသရေကျခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီး ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။



ကွင်းလယ်ကစားသမား ဒိုမီနစ်ကော့ရ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မိန့်ဇ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (ဝဲပုံ)

အသက်(၃၂)နှစ်အရွယ်ရှိ ဒိုမီနစ်ကော့ရ်သည် မိန့်ဇ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၈ ပွဲကစားကာ ကိုးဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ (NGB)



## မိုနာကိုအသင်းက မာဆေးလ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ပါရီ ဩဂုတ် ၃၁

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မိုနာကိုအသင်းနှင့် မာဆေးလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိုနာကိုအသင်းက မာဆေးလ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မိုနာကိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၃မိနစ်နှင့် ၅၃မိနစ်တွင် ဘရန်နာက သွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

မိုနာကိုအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၅ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

## ရာဖေးလ်လီယို ဂါလာတာစာရေးအသင်းတွင် ကျောနံပါတ်(၂၇)ဂျာစီ ဝတ်ဆင်ကစားသွားမည်



လန်ဒန် ဩဂုတ် ၃၁

တောင်ပံကစားသမားသစ် ရာဖေးလ်လီယို ဂါလာတာစာရေးအသင်းတွင် ကျောနံပါတ်(၂၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (ယာပုံ)

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းမှ ဂါလာတာစာရေးအသင်းသို့ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တောင်ပံကစားသမား ရာဖေးလ်လီယိုသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၁ ပွဲကစားပြီး ဂိုး ၈၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ရာဖေးလ်လီယို အနေဖြင့် ဂါလာတာစာရေးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ဟက်ထရစ်သွင်းယူနိုင်သူအဖြစ် ဘရူနိုဖာနန်ဒက်စ် မှတ်တမ်းဝင်

လန်ဒန် ဩဂုတ် ၃၁

မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်သွင်းယူနိုင်သူအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက အစ်ဆွစ်ချ်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးသုံးဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ကစားသမားဘဝတစ်လျှောက် ပရီးမီးယားလိဂ်တွင် ဒုတိယအကြိမ်မြောက် ဟက်ထရစ် သွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။



အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲ ၃၂၈ပွဲကစားကာ ၁၀၇ ဂိုးသွင်းယူပြီးခြေစွမ်းပြထားသည်။ (NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းတိုက်စစ်မှူး ဂျေဆူးကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* မန်ယူအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး အလက်ဇန္ဒား ဆော်လော့သ်ကို ခေါ်ယူရန် ကမ်းလှမ်းထားသည်။

(NGB)

## မာတန်ဒီရွန်းကို ခေါ်ယူရန် ရိုးမားအသင်း စီစဉ်



တူရင် ဩဂုတ် ၃၁

ရိုးမားအသင်းသည် အတ္တလန္တာအသင်း ကွင်းလယ်ကစားသမား မာတန်ဒီရွန်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၅)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်း ရရှိနေပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်း မရှိသေးသည့်အပြင် အတ္တလန္တာ အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၀၈ ပွဲကစားကာ ၂၁ ဂိုးသွင်းယူပြီး ခြေစွမ်းပြထားနိုင်ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ (ဝဲပုံ)

အတ္တလန္တာအသင်းကလည်း မာတန်ဒီရွန်းအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရိုးမားအသင်း အနေဖြင့် အတ္တလန္တာအသင်းမှ မာတန်ဒီရွန်းကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## နာမည်ကျော် ဂိုးသမား မာတီနက်ဇ်ကို ချဲလ်ဆီးအသင်း ခေါ်ယူ

လန်ဒန် ဩဂုတ် ၃၁

ချဲလ်ဆီးအသင်းသည် အက်စတွန်ဗီလာအသင်း နာမည်ကျော် ဂိုးသမား မာတီနက်ဇ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။




အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ဂိုးသမား မာတီနက်ဇ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၆ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမား ၁၁ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (ဝဲပုံ) (NGB)

## ရော်ဘင်ရိုပ်စ် ဆန်းဒါးလန်းအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



လန်ဒန် ဩဂုတ် ၃၁

ဆန်းဒါးလန်းအသင်းသည် အသင်းဂိုးသမား ရော်ဘင်ရိုဖ်စ်ကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမား ရော်ဘင်ရိုဖ်စ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့ အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ (ဝဲပုံ) (NGB)

## 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Ignacio Buse ဆွတ်ခူး

ဝါရှင်တန် ဩဂုတ် ၃၁

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပီရူးတင်းနစ်ကစားသမား Ignacio Buse က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပီရူးတင်းနစ်ကစားသမား Ignacio Buse သည် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Arthur Fery ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၂)နှစ်အရွယ်ရှိ Ignacio Buse က "ကျွန်တော် အခုလို 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (ဝဲပုံ) (NGB)

## အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၉-၂၀၂၆ နံနက် ၀၁း၁၅နာရီ | ဆွမ်ဆီး - ဝက်ဖို့ဒ် | ဆွမ်ဆီး ၁-၁ ဝက်ဖို့ဒ်<br>ဝက်ဖို့ဒ် ၀-၂ ဆွမ်ဆီး |
| ။ | ဝက်စ်ဟမ်း - ဝုဖ် | |
| ၂-၉-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဘာမင်ဂမ် - ဆောက်သမ်တန် | ဘာမင်ဂမ် ၁-၁ ဆောက်သမ်တန်<br>ဆောက်သမ်တန် ၃-၁ ဘာမင်ဂမ် |
| ။ | စတုတ်စီးတီး - နော့ဝှစ်ချ် | စတုတ်စီးတီး ၁-၁ နော့ဝှစ်ချ်<br>နော့ဝှစ်ချ် ၀-၂ စတုတ်စီးတီး |

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များထုတ်ပေး

**မန္တလေး ဩဂုတ် ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးမှ 'လမင်း' စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်ရှိ အ·ထ·က·(၂၇)ကျောင်းတွင် ကျင်းပခဲ့သည်။



အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ဦးမြတ်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံမင်းသွင်၊ အဖွဲ့ဝင် ဦးအောင်မျိုးခိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ မြို့နယ်အတွင်းရေးမှူး ဦးမင်းကြိုင်၊ မြို့နယ်ကော်မတီဝင် ဦးအောင်မျိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ ၁၅၀ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူးက နိုင်ငံသားလုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးရှင်းလင်းပြောကြားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လိုအပ်ချက်များကို အကြံပြုဆွေးနွေးပြောကြား၍ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးနေမှုအား လိုက်လံကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များအား ကျောင်းသား၊ ကျောင်းသူများထံ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၁)



# ဥပဒေရေးရာဝန်ကြီးဌာန (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**ညောင်ဦး ဩဂုတ် ၃၁**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် ဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ညောင်ဦးခရိုင်ဥပဒေအရာရှိ ဦးအောင်မြင့်က ဥပဒေရေးရာဝန်ကြီးဌာန ဖြစ်ပေါ်လာပုံကို နှစ်ပတ်လည်နေ့အထိမ်း အမှတ် အမှာစကားပြောကြားကာ တက်ရောက်လာသည့် ညောင်ဦးခရိုင် ဥပဒေအရာထမ်း၊ အမှုထမ်းများ၊ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ် ဥပဒေအရာရှိ၊ ဥပဒေအရာထမ်း၊ အမှုထမ်းများအား အမှတ်တရ ကံစမ်းမဲများဖောက်ပေးခြင်း၊ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

# မကွေးမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မကွေး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မကွေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အိအိသန့်က အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား အခွန်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ပျော်ဘွယ်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**ပျော်ဘွယ် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ COVID-19 Pfizer Omicron LP.8.1ကို အသုံးပြုပြီး စုရပ်များခွဲ၍ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စုရပ်များတွင်လည်း ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှဲ့လှဲ့အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်မှ မထိုးရသေးသော အသက် ၁၈နှစ်အထက်ရှိသူများ၊ နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးသော ဝန်ထမ်းများ၊ အသက် ၁၈နှစ်မှ



၅၀နှစ်အထက် နာတာရှည်ရောဂါရှိသူများ၊ အသက် ၆၀ နှစ်အထက်ရှိသူများ၊ နောက်ဆုံးအကြိမ်ထိုးနှံပြီးစီးမှု တစ်နှစ်ပြည့်ပြီးသော အသက် ၁၂နှစ်အထက် ကိုယ်ခံအားနည်းပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လိုအပ်သူများအား ထိုးနှံပေးလျက်ရှိကြောင်း၊ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့အချိန်အထိ ပြည်သူ ၁၉၈၆ ဦးအား ထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိနေသူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မိုးနှောင်းစိုက်ပျိုးပွဲတော်အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**မူဆယ် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် မိုးနှောင်းစိုက်ပျိုးပွဲတော်အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မူဆယ်မြို့ အဝင် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ရွှေသမင်ပန်းခြံ၌ ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူကြပြီး သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ရွှေသမင်ပန်းခြံ စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ပြီး ရွှေသမင်ပန်းခြံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ သစ်တောသစ်ပင် ချစ်မြတ်နိုးသူများက စုပေါင်း၍ နှစ်ရှည်ပင်များနှင့် ပန်းအလှပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေး ရန်ကုန်-မန္တလေးအမြန်လမ်း ကတ္တရာကွန်ကရစ်ခင်း

**မန္တလေး ဩဂုတ် ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ကယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်၈၁/၅ မှ ၈၂/၀အထိ(အပြန်လမ်း) တွင် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများအသုံးပြု၍ ဆောင်ရွက်လျက်ရှိရာ ယာဉ်များလုပ်ငန်းခွင်အနီးသို့ ရောက်ရှိချိန်တွင် ဂရုတစိုက် အရှိန်လျှော့၍ မောင်းနှင်ကြရန်နှင့် မိုးရွာနေချိန်နှင့် ညအချိန်များတွင် အရှိန်လျှော့မောင်းနှင်ကြရန် အမြန်လမ်းထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ အသိပေးထားကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)



ရေနုတ်မြောင်းများသည်

အမှိုက်ပစ်ရန် နေရာမဟုတ်ပါ။

# ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်း ကျင်းပ



**မြို့သစ် ဩဂုတ် ၃၁**

အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများ ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်ရည်ရွယ်၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဖလန်တိုင်းကျေးရွာအုပ်စု၊ ဒဟတ်ကုန်းကျေးရွာ၊ ရွှေကျောင်းကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းအိဇွန်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုပြောကြားသည်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမင်းထွန်းက လွှတ်တော်ဆိုင်ရာမေးခွန်းများ ဆွေးနွေးမေးမြန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းအောင်ထွေး၊ ခေတ္တမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ခံအရာရှိများက မိမိတို့ဌာနအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ တစ်ဦးချင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း ကျေးရွာတွင်းလမ်းများနှင့် ရွာချင်းဆက်လမ်းများ ခင်းပေးနိုင်ရေး၊ ဝါသီးနှံ စိုက်ပျိုးရေးအတွက်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး၊ ဆည်ရေသောက်တူးမြောင်းများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းအိဇွန်(ပြန်/ဆက်)

၀-၀-၀-၀-၀

# မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်းမိတ်ဆက်ခြင်း ဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်းမိတ်ဆက်ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပျော်ကုန်း ကျေးရွာ၌ ကျင်းပခဲ့သည်။

စီမံကိန်းမိတ်ဆက်အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ ၊ လိုက်နာရန် စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာတာဝန်ခံများက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကော်မတီဝင် ခုနစ်ဦးနှင့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)

၀-၀-၀-၀-၀-၀





# ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား ဆွေးနွေး

**နမ့်စန် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားပညာပေးခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးခင်မောင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ထူးထူးလင်းက အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် အခြားသိသင့်၊ သိထိုက်သည်များကိုလည်းကောင်း၊ နမ့်စန်မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးကျော်တေဇက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကို လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးအောင်ကိုဦးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးသည့်ဥပဒေများကိုလည်းကောင်း၊ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းက ရပ်ကျေးအုပ်ချုပ်ရေး ဥပဒေများကိုလည်းကောင်း အသီးသီးဆွေးနွေး သင်ကြားပို့ချခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အမှတ်(၃)ရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူ ၆၀ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



# နှမ်း ၈၅၁ ဧက စိုက်ပျိုး၊ နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိကထား စိုက်ပျိုးပြီး ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံ နှမ်း ၈၅၁ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှသိရပြီး စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ တိုက်နယ်(၁၂)ခု ရှိပြီး တိုက်နယ်(၆)ရှိ ကျေးရွာအုပ်စုများ၌ ၃ ဧက၊ တိုက်နယ်(၈)ရှိ ကျေးရွာအုပ်စုများ၌ ၇၃ ဧက၊ တိုက်နယ်(၉)ရှိ ကျေးရွာအုပ်စုများ၌ ၂၃ ဧက၊ တိုက်နယ် (၁၀)ရှိ ကျေးရွာအုပ်စုများ၌ ၅၇ ဧက၊ တိုက်နယ်(၁၁)ရှိ ကျေးရွာ အုပ်စုများ၌ ၁၃၈ ဧက၊ တိုက်နယ် (၁၂)ရှိ ကျေးရွာအုပ်စုများ၌ ၅၅၇ ဧက၊ စုစုပေါင်း ၈၅၁ ဧက စိုက်ပျိုးထားသည်။

နှမ်းသီးနှံစိုက်ပျိုးမည်ဆိုပါက မြေအစိုဓာတ်ကြိုက်နှစ်သက်ပြီး ရေဝပ်ခြင်းမကြိုက်သည့်အတွက် အကျယ်သုံးပေ၊ အမြင့်တစ်ပေခွဲခန့် မြေပေါင်များပြုလုပ်ကာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် နှမ်းခေါင်းမျိုးစိုက်ပျိုးခြင်းနှင့် နှမ်းအတက်မျိုး စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိရာ နှမ်းခေါင်းမျိုး စိုက်ပျိုးပါက တစ်ဧကကုန်ချိန် ပိဿာ ၅၀၀ ခန့် စိုက်ပျိုးရပြီး နှမ်းအတက်မျိုးစိုက်ပျိုးပါက ကုန်ချိန် ပိဿာ ၆၀၀ ခန့် စိုက်ပျိုးရကြောင်း၊စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့် တစ်တန်းငါးလက်မအကွာ စိုက်ပျိုးရကြောင်း၊ နှမ်းသည် မြေထဲတွင် အတက်ပွားသည့် သီးနှံဖြစ်သောကြောင့် မြေအစိုဓာတ် ရရှိစေရန် ရေသွင်းပေးရကြောင်း၊ စိုက်ပျိုးပြီး လေးလခန့်တွင် နှမ်းအပွင့်များ စတင်ပွင့်ပြီး ဈေးကွက်တွင် ရောင်းချပါက နှမ်းတစ်ဧကတွင် ငွေကျပ်ငါးသောင်းခန့်ရကြောင်း၊ ရှစ်လကျော်တွင် နှမ်းအတက်များ တူးဖော်ရကြောင်း၊ ပြုတ်ပြီး အခြောက်လှန်းရောင်းတန်းဝင် ကုန်ချိန် ပိဿာ ၈၀၀မှ ၁၀၀၀ ခန့်ထိ တစ်ဧကတွင် ရရှိကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

(အပေါ်ပုံ)

(၄၈၅)

# ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသိပညာပေး ဟောပြောပို့ချ

**ညောင်ဦး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)ပဒေသာခန်းမ၌ အသိပညာပေး (Awareness On Cultural Heritage In Bagan)ဟောပြောပွဲ ကျင်းပခဲ့သည်။

(ဝဲပုံ)

ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပုဂံဒေသထိန်းသိမ်းစောင့်ရှောက်ရေး၊ စီမံခန့်ခွဲရေး၊ အဆောက်အအုံဆောက်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီ ဒေါက်တာမျိုးညွန့်အောင်က ရှေးဟောင်းသုတေသနဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး အသိပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်ဝိတ်က ပထဝီဆိုင်ရာနှင့် ပုဂံဗိသုကာအနုပညာကျောက်ဆစ်ပန်းခက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟောပြောပို့ချဆွေးနွေးသည်။

ထို့နောက် အသိပညာပေးဟောပြောပို့ချခဲ့သည့် ပုဂံဒေသကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ခဲ့သည့် စံနူန်းများဖြစ်သည့် လူမှုစီးပွားနှင့် မူလမြို့ဟောင်းပြယုဂ်များ ကျန်ရှိနေမှု၊ မူလကျန်ရှိနေသည့် ဗိသုကာပညာနှင့်အနုပညာရပ်များ၊ မြေယာအခင်းအကျင်းများ၊ ရိုးရာဓလေ့နှင့် ကိုးကွယ်ယုံကြည်မှု စံသတ်မှတ်ချက်များအား Power Pointဖြင့် ရှင်းလင်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက လိုက်လံမှတ်သားခဲ့ကြသည်။

ထို့နောက် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအသိပညာပေးဟောပြောပို့ချမှု ဉာဏ်စမ်းမေးခွန်းများအား ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုခဲ့ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုရရှိသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်၊ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီဝင်များက ဉာဏ်စမ်းမေးခွန်းဖြေဆိုဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဝန်ထမ်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲမှ ဝန်ထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀-၀

# အသက် ၄၅ နှစ်အထက် ပြည်သူများအတွက် AI ECG ဝတ်စုံဖြင့် ၂၄ နာရီ နှလုံးကျန်းမာရေး စောင့်ကြည့်စစ်ဆေးမှု

နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများသည် ယနေ့ခေတ်တွင် လူလတ်ပိုင်းနှင့် အသက်ကြီးသူများအတွက် အရေးကြီးသော ကျန်းမာရေးပြဿနာများအနက် တစ်ခုဖြစ်ပါသည်။ အချို့သော နှလုံးရောဂါများသည် ရင်ဘတ်အောင့်ခြင်း၊ မောပန်းခြင်း၊ အသက်ရှူမဝခြင်း စသည့်လက္ခဏာများဖြင့် ထင်ရှားစွာ ပေါ်တတ်သော်လည်း အချို့သော နှလုံးခုန်မမှန်မှုများမှာ အမြဲတမ်းဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ တစ်ခါတစ်ရံမှသာ ဖြစ်တတ်ကြပါသည်။ ထိုသို့ အခါအားလျော်စွာ ဖြစ်ပေါ်သည့် နှလုံးခုန်မမှန်မှုများကို ဆေးရုံတွင် ပုံမှန် ECG တစ်ကြိမ် ရိုက်ကူးရုံဖြင့် မတွေ့ရှိနိုင်သည့် အခြေအနေများလည်း ရှိနိုင်သည်။ ယင်းကဲ့သို့သော နှလုံးခုန်ပုံပြောင်းလဲမှုများကို အချိန်ကြာကြာ စောင့်ကြည့်မှတ်တမ်းတင်နိုင်ရန် ခေတ်မီနည်းပညာများကို အသုံးချလာကြရာ AI နည်းပညာဖြင့် အထောက်အကူပြုသည့် ECG စောင့်ကြည့်နည်းများသည် အသုံးဝင်သော နည်းလမ်းတစ်ခုအဖြစ် ပေါ်ထွက်လာပါသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အတိုင်း မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဌာနတွင် အသက် ၄၅ နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီးမရွေးအတွက် AI ECG ဝတ်စုံကို ဝတ်ဆင်စေ၍ ၂၄ နာရီကြာ နှလုံးကျန်းမာရေး စောင့်ကြည့်စစ်ဆေးပေးနေပါသည်။ အဆိုပါအစီအစဉ်တွင် စုစုပေါင်း ပြည်သူ ၂၅,၀၀၀ ဦးကို စစ်ဆေးပေးရန် ရည်ရွယ်ထားပြီး အပတ်စဉ် တနင်္လာနေ့မှ ကြာသပတေးနေ့အထိ စစ်ဆေးပေးမည်ဖြစ်ပါသည်။

ECG ဆိုသည်မှာ Electrocardiogram ဖြစ်ပြီး နှလုံး၏ လျှပ်စစ်လှုပ်ရှားမှုကို မှတ်တမ်းတင်သည့် စစ်ဆေးမှုတစ်ခုဖြစ်ပါသည်။ နှလုံးသည် မိနစ်တိုင်း၊ နာရီတိုင်း ဆက်တိုက်ခုန်နေပြီး ထိုနှလုံးခုန်သံတိုင်းတွင် လျှပ်စစ်လှုပ်ရှားမှုများ ဖြစ်ပေါ်နေပါသည်။ ယင်းလျှပ်စစ်လှုပ်ရှားမှုများကို ECG ဖြင့် မှတ်တမ်းတင်လေ့လာရာမှ နှလုံးခုန်နှုန်း၊ နှလုံးခုန်ပုံမှန်၊ မမှန်နှင့် အချို့သော နှလုံးဆိုင်ရာ ပြဿနာများကို ခန့်မှန်းသိရှိနိုင်သည်။

ပုံမှန် ECG စစ်ဆေးမှုသည် နှလုံးရောဂါရှာဖွေရေးတွင် အလွန်အရေးကြီးသော်လည်း အချိန်တိုအတွင်းသာ မှတ်တမ်းတင်နိုင်ခြင်းဟူသော ကန့်သတ်ချက်ရှိသည်။ ဥပမာအားဖြင့် လူတစ်ဦးသည် နေ့လယ်ပိုင်းတွင် ရင်တုန်တတ်သော်လည်း ဆေးရုံသို့ ညနေပိုင်းမှ ရောက်လာပါက ထိုအချိန်တွင် နှလုံးခုန်ပုံ ပြန်လည်ပုံမှန်ဖြစ်နေသည့်အခါ ECG တွင် မူမမှန်မှု မတွေ့ရနိုင်ပါ။

ယခုအသုံးပြုသည့် AI ECG စစ်ဆေးမှု၏ ထူးခြားချက်မှာ AI ECG ဝတ်စုံကို ကိုယ်ပေါ်တွင် ဝတ်ဆင်၍ နှလုံး၏ လျှပ်စစ်လှုပ်ရှားမှုကို အချိန်ကြာမြင့်စွာ မှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။ စစ်ဆေးမည့်သူသည် AI ECG ဝတ်စုံကို ၂၄ နာရီကြာ ဝတ်ဆင်ရမည်ဖြစ်ပြီး တစ်နေ့တာအတွင်း နှလုံး၏ လျှပ်စစ်လှုပ်ရှားမှုနှင့် နှလုံးခုန်ပုံ အပြောင်းအလဲများကို အချိန်ကြာမြင့်စွာ မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

AI ECG ဝတ်စုံကို ၂၄ နာရီ ဝတ်ဆင်ထားရသည်ဆိုသော်လည်း ဆေးရုံတွင် ၂၄ နာရီလုံး နေထိုင်စောင့်ကြည့်ရခြင်း မဟုတ်ပါ။ AI ECG ဝတ်စုံကို တပ်ဆင်ပြီးနောက် စစ်ဆေးခံသူသည် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်အတိုင်း ပုံမှန်လှုပ်ရှားသွားလာနိုင်ပြီး မိမိအိမ်သို့ ပြန်နိုင်ပါသည်။ ညအချိန်တွင်လည်း ဆေးရုံ၌ အိပ်ရန်မလိုဘဲ မိမိအိမ်တွင် ပုံမှန်အတိုင်း အိပ်စက်နိုင်ပါသည်။ ယင်းကဲ့သို့ နေ့စဉ်ဘဝပုံမှန်အတိုင်း နေထိုင်စဉ် နှလုံးခုန်ပုံကို မှတ်တမ်းတင်နိုင်ခြင်းသည် စစ်ဆေးမှု၏ အားသာချက်တစ်ခု ဖြစ်သည်။

သို့သော် စစ်ဆေးမှုခံယူမည့်သူများအနေဖြင့် ကြိုတင်သိရှိထားသင့်သည့် လက်တွေ့အသုံးဝင်သော အချက်အချို့လည်း ရှိပါသည်။ AI ECG ဝတ်စုံကို တပ်ဆင်ရလွယ်ကူစေရန်နှင့် ဝတ်စုံပေါ်မှ ထပ်မံဝတ်ဆင်ရမည့် အဝတ်အစားကြောင့် မတင်းကျပ်စေရန် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လာရောက်သည့်နေ့တွင် အင်္ကျီပွပွ၊ သက်သောင့်သက်သာရှိသည့် အဝတ်အစားကို ဝတ်ဆင်လာသင့်ပါသည်။ ခန္ဓာကိုယ်နှင့် အလွန်ကပ်နေသည့် အဝတ်အစားများထက် အင်္ကျီပွပွ ဝတ်ဆင်လာခြင်းက AI ECG ဝတ်စုံကို ဝတ်ဆင်ရန်နှင့် သွားလာရာတွင် ပိုမိုအဆင်ပြေစေမည်ဖြစ်ပါသည်။

ထို့အပြင် AI ECG ဝတ်စုံသည် ၂၄ နာရီကြာ ဝတ်ဆင်ထားစဉ် ရေနှင့် မထိတွေ့ရသဖြင့် ဝတ်ဆင်ထားသည့် ၂၄ နာရီအတွင်း ရေချိုးခြင်း မပြုသင့်ပါ။ စစ်ဆေးမှုခံယူမည့်သူများသည် ဖြစ်နိုင်ပါက ဆေးရုံသို့မလာမီ ရေချိုးသန့်ရှင်းပြီးမှ လာရောက်ခြင်းက ပိုအဆင်ပြေနိုင်ပါသည်။ AI ECG ဝတ်စုံကို တပ်ဆင်ပြီးသည့်အချိန်မှစ၍ ၂၄ နာရီပြည့်ကာ ပြန်လည်ဖြုတ်ပြီးမှသာ ရေချိုးသင့်ပါသည်။ မိုးရေစိုခြင်း၊ ရေပက်မိခြင်းနှင့် အခြားပုံစံဖြင့် AI ECG ဝတ်စုံကို ရေထိခြင်းမျိုးမဖြစ်စေရန်လည်း အထူးဂရုစိုက်ရန် လိုအပ်ပါသည်။

နှလုံးခုန်ပုံသည် လဲလျောင်းနေစဉ်နှင့် နေ့စဉ်ဘဝတွင် လှုပ်ရှားသွားလာနေစဉ် အခြေအနေချင်း မတူနိုင်ပါ။ လမ်းလျှောက်နေစဉ်၊ အလုပ် လုပ်နေစဉ်၊ အနားယူနေစဉ်၊ စိတ်လှုပ်ရှားနေစဉ်(သို့မဟုတ်) အိပ်ပျော်နေစဉ်တွင် နှလုံးခုန်ပုံပြောင်းလဲမှုများ ပေါ်ပေါက်နိုင်သည်။ ထို့ကြောင့် မိမိ၏ ပုံမှန်နေ့စဉ်ဘဝအတိုင်း လှုပ်ရှားနေစဉ် ၂၄ နာရီကြာ စောင့်ကြည့်နိုင်ခြင်းက အခါအားလျော်စွာ ဖြစ်တတ်သည့် နှလုံးခုန်မမှန်မှုများကို ဖမ်းယူနိုင်ရန် ပိုမိုအထောက်အကူ ဖြစ်စေနိုင်သည်။

စစ်ဆေးခံသူသည် AI ECG ဝတ်စုံတပ်ဆင်ပြီးနောက် မိမိ၏ နေ့စဉ်လုပ်ငန်းများကိုလည်း ဆေးရုံမှ ခွင့်ပြုထားသည့်အတိုင်း ဆက်လက်လုပ်ဆောင်နိုင်ပါသည်။ သို့သော် ချွေးအလွန်ထွက်စေသည့် အားကစားပြင်းပြင်းထန်ထန်လုပ်ခြင်း၊ AI ECG ဝတ်စုံကို ဆွဲငင်ထိခိုက်စေနိုင်သည့် လှုပ်ရှားမှုများနှင့် ရေစိုစေနိုင်သည့် လှုပ်ရှားမှုများကို ရှောင်ကြဉ်သင့်ပါသည်။ မည်သည့်လှုပ်ရှားမှုများကို ရှောင်ရမည်၊ မည်သည့်ပုံစံဖြင့် အိပ်စက်ရမည်၊ ပြဿနာတစ်ခု ဖြစ်ပေါ်ပါက မည်သို့ဆောင်ရွက်ရမည်တို့နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နေသော မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဌာနမှ တာဝန်ရှိသူများ၏ ညွှန်ကြားချက်ကို တိတိကျကျ လိုက်နာသင့်ပါသည်။

နောက်ထပ်သိရှိထားသင့်သည့်အချက်မှာ စစ်ဆေးမှုခံယူရန် ပထမအကြိမ်တွင် AI ECG ဝတ်စုံကိုတပ်ဆင်ရန် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လာရောက်ရမည်ဖြစ်ပြီး ၂၄ နာရီပြည့်အောင် ဝတ်ဆင်ပြီးသည့်နောက် ဒုတိယအကြိမ်အဖြစ် မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဌာနသို့ ပြန်လည်လာရောက်၍ AI ECG ဝတ်စုံကို ဖြုတ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် စစ်ဆေးမှုခံယူမည့်သူတစ်ဦးသည် ဆေးရုံသို့နှစ်ကြိမ် လာရောက်ရမည်ဖြစ်ကြောင်း ကြိုတင်သိရှိထားသင့်ပါသည်။

ပထမနေ့တွင် AI ECG ဝတ်စုံကို တပ်ဆင်လိုက်ပါက အိမ်ပြန်၍ ပုံမှန်အတိုင်းနေထိုင်ကာ ညအိပ်နိုင်ပါသည်။ နောက်တစ်နေ့ ၂၄ နာရီပြည့်ချိန်တွင် ဆေးရုံသို့ ပြန်လည်လာရောက်ပြီး AI ECG ဝတ်စုံကိုဖြုတ်၍ စစ်ဆေးမှုကို အဆုံးသတ်ရမည်ဖြစ်သည်။ ထိုအချိန်အထိ AI ECG ဝတ်စုံကို မိမိဘာသာဖြုတ်ခြင်း၊ ရွှေ့ပြောင်းတပ်ဆင်ခြင်း(သို့မဟုတ်)ရေထိစေခြင်း မပြုသင့်ပါ။ နှလုံးခုန်မှတ်တမ်းများ ဆက်တိုက်ပြည့်စုံစွာ ရရှိစေရန် အရေးကြီးပါသည်။

၂၄ နာရီအတွင်း ရင်တုန်ခြင်း၊ နှလုံးခုန်မြန်ခြင်း(သို့မဟုတ်) မမှန်သကဲ့သို့ ခံစားရခြင်း၊ မူးဝေခြင်း၊ အသက်ရှူမဝခြင်း၊ ရင်ဘတ်မအီမသာဖြစ်ခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်လာပါက ဖြစ်ပွားသည့်အချိန်ကို မှတ်သားထားနိုင်ပါက ဆရာဝန်အတွက် အထောက်အကူဖြစ်နိုင်ပါသည်။ ထိုအချိန်တွင် ECG မှတ်တမ်း၌ မည်သည့် ပြောင်းလဲမှု ဖြစ်နေသည်ကို ပြန်လည်နှိုင်းယှဉ်နိုင်သဖြင့် လူနာခံစားရသော လက္ခဏာနှင့် နှလုံးခုန်ပုံအကြား ဆက်စပ်မှုကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်ပါသည်။

AI နည်းပညာ၏ အခန်းကဏ္ဍမှာလည်း ၂၄ နာရီအတွင်း ရရှိလာသည့် ECG အချက်အလက်အများအပြားကို စိစစ်ခွဲခြမ်းရာတွင် အထောက်အကူပြုခြင်းဖြစ်သည်။ နှလုံးခုန်မြန်လွန်းခြင်း၊ နှေးလွန်းခြင်း၊ ပုံမမှန်ခြင်းနှင့် သတိပြုသင့်သည့် ECG ပုံစံများကို ရှာဖွေဖော်ထုတ်ရာတွင် AI စနစ်များက ဆရာဝန်များကို ကူညီနိုင်သည်။ သို့သော် AI သည် ဆရာဝန်ကို အစားထိုးခြင်းမဟုတ်ဘဲ ဆေးဘက်ဆိုင်ရာသုံးသပ်မှု ပိုမိုထိရောက်စေရန် အထောက်အကူပြုသည့် နည်းပညာတစ်ခုသာ ဖြစ်ပါသည်။

အထူးသဖြင့် နှလုံးခုန်မမှန်ခြင်းများအနက် Atrial Fibrillation (AF) ကဲ့သို့သော အခြေအနေများသည် အချိန်တိုင်း မဖြစ်ဘဲ အခါအားလျော်စွာ ဖြစ်ပေါ်တတ်ပြီး နောက်ပိုင်းတွင် ပြန်လည်ပုံမှန်ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ပုံမှန် ECG တစ်ကြိမ် ရိုက်ရုံဖြင့် မတွေ့ရနိုင်သည့် အခြေအနေမျိုးရှိတတ်ပြီး ၂၄ နာရီကြာ စောင့်ကြည့်ခြင်းက ယင်းကဲ့သို့သော နှလုံးခုန်မမှန်မှုများကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

နှလုံးခုန်နှေးလွန်းခြင်း၊ နှလုံးခုန်မြန်လွန်းခြင်း၊ အချို့သော Ectopic Beats (သို့မဟုတ်)အချိန်မတိုင်မီ ခုန်သည့် နှလုံးခုန်သံများကိုလည်း အချိန်ကြာမြင့်စွာ ECG စောင့်ကြည့်ခြင်းဖြင့် ပိုမိုရှင်းလင်းစွာ လေ့လာနိုင်သည်။ သို့ရာတွင် ECG တွင် ပြောင်းလဲမှုတစ်ခုတွေ့ရုံဖြင့် ရောဂါတစ်ခုကို ချက်ချင်းသတ်မှတ်၍မရဘဲ လူနာ၏ လက္ခဏာ၊ ရောဂါရာဇဝင်နှင့် အခြားစစ်ဆေးမှုများကိုပါ တွဲဖက်သုံးသပ်ရန် လိုအပ်ပါသည်။

အသက် ၄၅ နှစ်နှင့်အထက် ဖြစ်လာသည့်အခါ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတွင်းအဆီများခြင်း၊ ကိုယ်အလေးချိန်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ စိတ်ဖိစီးမှုများခြင်းနှင့် မိသားစုအတွင်း နှလုံးရောဂါဖြစ်ဖူးသူရှိခြင်း စသည့် နှလုံးနှင့် သွေးကြောရောဂါအန္တရာယ်အချက်များ ပိုမိုတွေ့ရှိလာနိုင်သည်။ ထို့ကြောင့် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအနေဖြင့် မိမိတို့၏ နှလုံးကျန်းမာရေးကို ပိုမိုဂရုစိုက်သင့်သည်။

၂၄ နာရီပြည့်ပြီးနောက် သတ်မှတ်ထားသည့်အချိန်အတိုင်း မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဒုတိယအကြိမ် ပြန်လည်လာရောက်ကာ AI ECG ဝတ်စုံကို ဖြုတ်ပေးရမည်ဖြစ်ပြီး မှတ်တမ်းတင်ထားသော အချက်အလက်များကိုလည်း ပြန်လည်ရယူ စိစစ်သုံးသပ်မည်ဖြစ်သည်။ AI ECG ဝတ်စုံကို ဖြုတ်ပြီးနောက်မှသာ ပုံမှန်အတိုင်း ရေချိုးနိုင်ပါသည်။ ထို့နောက် ရရှိထားသော ECG အချက်အလက်များကို စိစစ်သုံးသပ်ကာ လိုအပ်ပါက ဆရာဝန်က ပုံမှန် ECG၊ Echocardiography၊ သွေးစစ်ဆေးမှု(သို့မဟုတ်) အခြားနှလုံးဆိုင်ရာစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် အကြံပြုနိုင်သည်။

ရင်ဘတ်ပြင်းထန်စွာအောင့်ခြင်း၊ အသက်ရှူအလွန်ခက်ခဲခြင်း၊ ရုတ်တရက်မေ့လဲခြင်း၊ ချွေးထွက်ခြင်း၊ အလွန်အားနည်းလာခြင်း စသည့် လက္ခဏာများဖြစ်ပေါ်လာပါက စစ်ဆေးမှုရလဒ်ကို စောင့်မနေဘဲ အရေးပေါ်ဆေးကုသမှု ချက်ချင်းခံယူသင့်ပါသည်။

စစ်ဆေးခံသူသည် AI ECG ဝတ်စုံကို ၂၄ နာရီကြာ ဝတ်ဆင်ရမည်ဖြစ်သော်လည်း ဝတ်စုံတပ်ဆင်ပြီးနောက် ပုံမှန်အတိုင်း လှုပ်ရှားသွားလာနိုင်ပြီး မိမိအိမ်သို့ ပြန်ကာ ညအချိန်တွင်လည်း အိမ်၌ ပုံမှန်အတိုင်း အိပ်စက်နိုင်ပါသည်။ စစ်ဆေးမှုခံယူမည့်နေ့တွင် အင်္ကျီပွပွဝတ်ဆင်လာရန်၊ AI ECG ဝတ်စုံတပ်ဆင်ထားသည့် ၂၄ နာရီအတွင်း ရေမထိစေရန်နှင့် ရေမချိုးရန်၊ ၂၄ နာရီပြည့်ပြီးမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပြန်လည်လာရောက်၍ AI ECG ဝတ်စုံဖြုတ်ပြီးနောက်မှသာ ရေချိုးရန်တို့ကို အထူးသတိပြုသင့်ပါသည်။ ထို့အပြင် စစ်ဆေးမှုအတွက် AI ECG ဝတ်စုံတပ်ဆင်သည့်နေ့တွင် တစ်ကြိမ်နှင့် ၂၄ နာရီပြည့်ပြီး AI ECG ဝတ်စုံ ပြန်ဖြုတ်မည့်နေ့တွင် တစ်ကြိမ်၊ စုစုပေါင်း မန္တလေးပြည်သူ့ဆေးရုံကြီးသို့နှစ်ကြိမ် လာရောက်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအနေဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဌာနတွင် ဆောင်ရွက်ပေးနေသော AI ECG ဝတ်စုံဖြင့် ၂၄ နာရီ နှလုံးကျန်းမာရေး စောင့်ကြည့်စစ်ဆေးမှုအကြောင်း သိရှိထားကြရန်နှင့် လိုအပ်ပါက သတ်မှတ်ရက်များအတွင်း စုံစမ်း၍ စစ်ဆေးမှုခံယူကြရန် တိုက်တွန်းလိုပါသည်။ နည်းပညာ၏ တန်ဖိုးသည် ဆေးရုံထဲတွင်သာ ရှိနေခြင်းမဟုတ်ဘဲ လူတစ်ဦး၏ ပုံမှန်ဘဝထဲတွင် နှလုံးခုန်သံများကို လိုက်ပါစောင့်ကြည့်ပေးနိုင်ပါသည်။

**မန္တလာ ဆရာမျိုး**

## စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ စာဖတ်ဝိုင်း ကျင်းပ



**သရက် ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း Book Club က စာဖတ်ဝိုင်းကျင်းပရာ စာရေးဆရာ ချစ်စံဝင်း လမင်းအိမ် ရေးသားသည့် "နှလုံးသားမေတ္တာ" စာအုပ်အား ယမန်နေ့ နံနက် ၉ နာရီခွဲက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း Book Club ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် လစဉ် စာဖတ်ဝိုင်းပြုလုပ်သည့် အလေ့အကျင့်ကောင်းများအား လူငယ်များကို စာဖတ်ခြင်းနှင့် ဆွေးနွေးမှုများအားသိရှိပြီး အလေ့အကျင့်ကောင်းများ မွေးမြူပေးကြဖို့လိုပါကြောင်းနှင့် စာအုပ်မှ ပေးသည့် အသိတရားထက် တခြားအကြောင်းအရာများကိုလည်း ထည့်သွင်းဆွေးနွေးပေးစေလိုကြကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ချစ်စံဝင်း လမင်းအိမ် ရေးသားသည့် "နှလုံးသား မေတ္တာ" စာအုပ်အား တက်ရောက်လာကြသည့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများက အခန်းလိုက် တစ်ဦးချင်း ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အတွေးများ၊ စာရေးဆရာ၏ စာဖတ်သူများအား ပေးချင်တဲ့ ဗဟုသုတများ၊ စာပေအလင်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

## ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ပုသိမ်ကြီးမြို့နယ်၌ ဖွင့်လှစ်

**ပုသိမ်ကြီး ဩဂုတ် ၃၁**

မန္တလေး ပုသိမ်ကြီးမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဦးဆောင်ဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ပံသုကျီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးချမ်းငြိမ်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမောင်မောင်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများဖြင့် အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ရွှေရန်ကင်း**



## ဟိုတယ်၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံဒေသတွင်း ဟိုတယ်၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်း(ကျိုင်းတုံ) တွင် ကျင်းပသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲတွင် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးထင်အောင်ရှိန်၊ အဖွဲ့ဝင် ဦးစိုင်းမိုးဇော်ဦး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေတို့က ကျိုင်းတုံဒေသအတွင်း ရေရှည်တည်တံ့ကောင်းမွန်သော ခရီးသွားလုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ အစားအစာများလည်း တိုးတက်အောင်မြင်မှုရရှိစေရေး စသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကျိုင်းတုံရုံးခွဲတာဝန်ခံ ဦးကျော်ဆန်းလင်း၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များက ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အခြေအနေများကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## အိမ်သုံးမီတာများကို Online စနစ်ဖြင့် လျှောက်ထားနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဝမ်းတွင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ အိမ်သုံးမီတာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website သို့ဝင်ရောက်၍ Online စနစ်ဖြင့် လျှောက်ထားနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက သဲတောဈေး၌ ဖြန့်ဝေခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website သို့ ဝင်ရောက်၍ Online စနစ်ဖြင့် အိမ်သုံးမီတာများကို လျှောက်ထားနိုင်ပြီး သက်ဆိုင်ရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)မှ စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သတ်မှတ်ချက်များ ပြည့်စုံစွာ စိစစ်ဆောင်ရွက်ပြီးပါက အမြန်ဆုံး တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ Online စနစ်ဖြင့် မီတာများ လျှောက်ထားရာတွင် ဒေသခံပြည်သူများ သိရှိနိုင်ရေး မြို့နယ်လျှပ်စစ်ဝန်ထမ်းများက မီတာလျှောက်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ပြီး Online စနစ်ဖြင့် မီတာများ လျှောက်ထားနည်း အသိပညာလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၄၆၉)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သိကြပါစေ သောက်သုံးရေ

* မြို့လူထုကို ရေပေးဝေ
သောက်ဖို့ သုံးဖို့လေ
(၆)မြို့နယ်မှာ ဖြန့်ဖြူးထား
(၄၂)သန်း ဂါလန်ခင်ဗျား။

* ရေဟာ လူအတွက် အရေးပါ
မန်းစည်ပင်ရဲ့ စေတနာ
ထမင်းအသက် ခုနစ်ရက်
ရေအသက် တစ်မနက်။

* မန်းရွှေမြို့ရဲ့ လူဦးရေ
(၁ ဒသမ ၇)သန်း ရှိတယ်လေ
ရေပြတ်လပ်မှု မဖြစ်စေရေး
နေ့ ည မနား ကြိုးစားပေး။

* တစ်မြို့လုံးကို ရေဖြန့်ဖြူးတာ
ရေနှင့်သန့်ရှင်းမှုဌာနပါ။
သောက်ရေသုံးရေ ဖူလုံရေး
စဉ်ဆက်မပြတ် ဆောင်ရွက်ပေး။

သန်းနိုင်စိုး(မန္တလေး)



# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊

## (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၁၅/၂၀၂၆-၂၀၂၇)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် မြေနှင့် အဆောက်အဦးကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | | |
|---|---|---|
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် | - | (၁၆-၀၉-၂၀၂၆) |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် | - | နံနက် ၉း၀၀ နာရီ။ |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေရာ | - | အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။ |

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့် ပစ္စည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**Auction 15**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

လေလံကြမ်းခင်းဈေး ငွေကျပ် (၁၂,၅၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းပေါင်း တစ်သိန်းနှစ်သောင်းငါးထောင်တိတိ)

မှတ်ချက် ။ ။ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ မိတ္တူရှိရင်ထံတွင် ရှိပါသည်။

### လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်စုံတစ်ခု ပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာ၌ ပါလာသည့်ရက်မှစ၍ (၁၄-၀၉-၂၀၂၆)ရက် နောက်ဆုံးထား၍ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့် ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 15 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင်)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၁၄-၀၉-၂၀၂၆)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA (Bank) (0025-Mandalay-003) (Kywae Sae Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ UAB Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၁၆-၀၉-၂၀၂၆)ရက်တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ (သို့မဟုတ်) တရားဝင် ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့် မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၁၄-၀၉-၂၀၂၆)ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် 09-758211119 တို့ကို ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-940010077 , 09-945770555 , 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၁

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဧလ**

## ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် ဩဂုတ် ၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသည်။

ဒုတိယသမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓာတ်ပုံ) သတင်းစဉ်

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား / အမျိုးသမီး )ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၃၁

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်

စာမျက်နှာ ၁၀ သို့ ❖

## မြန်မာအသင်းက သီရိလင်္ကာအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၃၁**

၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စု(K) ပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက သီရိလင်္ကာအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၂၆မိနစ်နှင့် ၃၉မိနစ်တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၈၆မိနစ်တွင် စိုင်းဇွမ်ရှန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား ယူ-၂၀ ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ကစားခွင့်ရမည့် Qualification phaseတွင် ကစားခွင့်မရဘဲ Development phase တွင်သာ ကစားရသဖြင့် ထိပ်ဆုံး နှစ်သင်းတွင် ရပ်တည်နိုင်မှသာ ၂၀၂၉ ပြိုင်ပွဲတွင် ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်မည့် Qualification phase သို့ တက်လှမ်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့သဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် ဘရူနိုင်းအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀-၀



## ဘာကိုလာကို ငါးနှစ်စာချုပ်ဖြင့် လီဗာပူးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃၁**

လီဗာပူးအသင်းသည် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဘာကိုလာကို ယူရို ၁၂၅သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် လီဗာပူးအသင်းတွင် ကျောနံပါတ် ၂၉ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဘာကိုလာသည် ပီအက်စ်ဂျီအသင်းနှင့် အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၃ ပွဲကစားပြီး ၃၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာကိုလာသည် အသင်းတိုက်စစ်ပိုင်းကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဘာကိုလာက "ကျွန်တော် လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ အွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဆုဖလားတွေလည်း ရယူသွားမှာပါ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။

(NGB)